## စလင်းမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ

## နိဒါန်းနှင့်ဒေသသမိုင်းအကျဉ်း

**နိဒါန်း**

၁။ စလင်းမြို့နယ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာကိန်းဂဏန်းများကို သိရှိရန်အတွက် လက်လှမ်းမှီသ၍ ပြုစုရခြင်းဖြစ်ပါသည်။

၂။ ပုခံခေတ်နရပတိစည်သူမင်းကြီးသည် နိုင်ငံတော်ကို ပြုစုပျိုးထောင်တော်မူရန် တိုင်းခန်းလှည့်လည်ရာ သက္ကရာဇ်(၅၄၁)ခုနှစ်၊ (ခရစ်-၁၁၇၉)တွင် စလင်းမြို့သို့ ရှေးဦးစွာရောက်ရှိသည်။ စလင်းမြို့နေရာတွင် ဆည်မြောင်းကန်ချောင်းများ ပြုစုပျိုးထောင်ပြီးနောက် စလင်းမြို့ကိုအသစ်ပြုစုပျိုးထောင်ရန်လေ့လာသည်တွင် သမင်ကို ကျားစားလင့်သည့်နိမိတ်ပင်မြင်တွေ့ရ၍ ငစွယ်ရှင်ပန်သုကူဆရာတော်၊ ပေါင်းလောင်းရှင်ကဿပဆရာတော်တို့၏ နမိတ်ဖတ်ချက်အရသက္ကရာဇ်(၅၅၆)ခုနှစ်၊ တော်သလင်းလဆန်း(၁၅)ရက်၊(ခရာဇ် ၁၁၉၄)ခုနှစ်အင်္ဂါနေ့ ရောင်မြူလာချိန်တွင် စလင်းမြို့ကို ဒုတိယအကြိမ်ပြုစုတည်ထောင်ခဲ့ပြန်သည်။

၃။ နရပတိစည်သူမင်းကြီးသည် ပြည်တော်ဦးစေတီ၊ ရှင်ပင်သာလျောင်းရုပ်ပွားတော်ကြီးတို့ကိုပါ တည်ထားတော်မူခဲ့ပါသည်။ ထို့အပြင်မြို့၏ အနောက်ဘက်တွင် ပြည်တော်ဦးစေတီနှင့် မြို့အကြားမြေနိမ့်ရာအရပ်၌ ကိုယ်လုပ်တော်ရှင်စေဝကို ကြီးမှူးစေ၍ ကန်ကြီးတစ်ခုတူးဖော်ခဲ့ရာ စွန်တစ်ကောင်က ဝက်၏ အသည်းနှလုံးကိုချီ၍ ချလာသည့်ဗျူပွတ်ကိုယူ၍ သက်သည်းကန် ဟုသမုတ်ခေါ်ခဲ့ပါသည်။

၄။ ပုဂံပျက်ပြီးနောက်စလင်းမြို့သည်လည်း တိုင်းပြည်ကသောင်းကနင်းကြားတွင် ပျက်စီးခဲ့ရသည်။ ပင်းယခေတ်တစီးရှင်သီဟသူ၏ သမီးစောပုလဲ၏ ခင်ပွန်းသီဟပတေ့သည် တစီးရှင် နတ်ရွာစံလျှင် တောင်တွင်းကြီးမြို့၊ လယ်ကိုင်းမြို့၊ စလင်းမြို့စသောနယ်မြေတစ်လွှားကို လက်နက်နိုင်ငံပြု၍ အုပ်စိုးခဲ့သည်။ ထိုအခါသီဟပတေ့သည် စလင်းမြို့မှာကျယ်ဝန်းလှခြင်း၊ မြို့လည်းပျက်၍ယိုယွင်းနေခြင်း၊ စစ်တိုက်စစ်ခံမြို့လည်းမကောင်းခြင်းတို့ကြောင့် ကျုံးမြောင်းနက်စွာတူး၍ ကောဇာသက္ကရာဇ်(၇၃၂)ခုနှစ်၊ တပေါင်းလဆန်း(၆)ရက် (ခရစ်-၁၃၇၀)ပြည့်နှစ် အင်္ဂါနေ့တွင် စလင်းမြို့ကြီးချုံ၍ပစ္စရင်၊ ရင်တား၊ တံခါး၊ ကျုံးမြောင်းနှင့်တကွ အုတ်မြို့ရိုးကိုတည်ကာ စလင်းမြို့ကို တတိယအကြိမ်တည်ထောင်ခဲ့သည်။ မြို့ရိုးကြီးမှာ(၁၈၈၇)ခုနှစ် စလင်းမြို့အုပ်မှဖြိုဖျက်ခဲ့သဖြင့် ပျက်စီးခဲ့ပြီးဖြစ်ပါသည်။ မြို့တံခါး(၆)ခုရှိခဲ့ရာ ယခုမရှိတော့ဘဲ မြို့ရိုးဒေါင့်စေတီများသာကျန်ရစ်ခဲ့ပါသည်။

၅။ ဗြိတိသျှခေတ်အဆက်ဆက်တွင် စလင်းမြို့ကို နယ်ပိုင်ဝန်ထောက်အဆက်ဆက်က အုပ်ချုပ်သွားခဲ့ပါသည်။ နယ်ပိုင်ဝန်ထောက် ဦးစိန်တင်(သိပ္ပံမောင်ဝ)သည် စလင်းမြို့၌ အမှုထမ်းသွားခဲ့ဘူးပါသည်။ လွတ်လပ်ရေးခေတ် တော်လှန်ရေးကောင်စီခေတ်အဆက်ဆက် ကာလများတွင် စလင်းမြို့နယ်သည် မကွေးတိုင်းအတွင်း မြို့နယ်တစ်မြို့နယ်အဖြစ် ဆက်လက်ပါဝင်ခဲ့သည်မှာ ယနေ့အထိဖြစ်ပါသည်။

၆။ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏(၂၄.၆.၁၉၇၂)ရက်စွဲပါ စာအမှတ်၊ ၁၀၃/၉/စိတ်(၁)ဖြင့် ထုတ်ပြန်သည့် အမိန့်ကြေငြာစာအရ စလင်းမြို့နယ်ကို ရပ်ကွက်(၆)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၀၂)အုပ်စု၊

ကျေးရွာ(၄၂၀)တို့ဖြင့် ဖွဲ့စည်းထားရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန၏(၃၀.၃.၂၀၁၅)ရက်စွဲပါစာအမှတ်၊ ၂၀၀/ ၂၃-၁၂၇(၄၅၇)/ဦ၈၁(အထဉ_)ဖြင့် ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာအရ စလင်းမြို့နယ်ကိုမြို့(၂)မြို့၊ရပ်ကွက် (၉)ရပ်ကွက်၊ ကျေးရွာအုပ်စု(၁၀၀)အုပ်စု၊ ကျေးရွာပေါင်း(၄၁၅)ရွာဖြင့်ဖွဲ့စည်းခဲ့ပါသည်။



## ပထဝီဝင်အနေအထား

### တည်နေရာအကျယ်အဝန်း

၇။ စလင်းမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိ၍ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်တွင် တည်ရှိပါသည်။ စလင်းမြို့နယ်သည် မြောက်လတ္တီကျု(၂၀ဒီဂရီ၂၁မိနစ်)မှ၂၀ဒီဂရီ၅၅မိနစ်)အတွင်း အရှေ့ လောင်ဂျီကျု(၉၄ဒီဂရီ၁၅မိနစ်)မှ(၉၄ဒီဂရီ၅၀မိနစ်)အတွင်းတည်ရှိပါသည်။ စလင်းမြို့နယ်သည် အရှေ့မှ အနောက်သို့ ၂၈ မိုင်ရှိပြီး တောင်နှင့်မြောက်၃၂မိုင်ရှည်လျားပါသည်။

မြို့နယ်နှင့်မြို့တို့၏ရေိယာစတုရန်းမိုင်မှာအောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ်/မြို့ | မြို့ရေိယာ<br>စတုရန်း | ကျေးရွာအုပ်စု<br>စတုရန်းမိုင် | မြို့နယ်ရေိယာ<br>စတုရန်းမိုင် |
|---|---|---|---|---|
| ၁ | စလင်းမြို့နယ် | ၀.၄၉၄ | ၈၉၂.၄၅၆ | ၈၉၃.၁၄၀ |
| ၂ | ဆင်ဖြူကျွန်းမြို့ | ၀.၁၉ | - | - |
| | မြို့နယ်ချုပ် | ၀.၆၈၄ | ၈၉၂.၄၅၆ | ၈၉၃.၁၄၀ |

### နယ်နမိတ်

၈။ အရှေ့ဘက်တွင်ဧရာဝတီမြစ်ခြားလျှက် ချောက်မြို့နယ်နှင့်ရေနံချောင်းမြို့နယ်၊ အနောက်ဘက်တွင် စေတုတ္တရာမြို့နယ်၊ တောင်ဘက်တွင်ပွင့်ဖြူမြို့နယ်၊ မြောက်ဘက်တွင် ဆိတ်ဖြူမြို့နယ်နှင့် ဆောမြို့နယ် တို့နှင့် နယ်နမိတ်ချင်းထိစပ်နေပါသည်။

၉။ စလင်းမြို့နယ်၏အရှေ့ပိုင်းမှာဧရာဝတီမြစ်ကြောင်းနှင့်ဆက်စပ်လျက်ရှိပြီးမြေပြန့်လွင်ပြင်များ တည်ရှိပါသည်။ အနောက်ဘက်တွင်မူ တောင်ကမူများ တောင်ကတုန်းများတည်ရှိပါသည်။ မြို့နယ်၏ အနောက်ဘက်အစွန်းရှိ နွားမတောင်သည် ဤဒေသ၏ထင်ရှားသောတောင်တန်းတစ်ခုဖြစ်ပြီး အနောက် ရိုးမ၏ တောင်စွယ်တောင်တန်းဖြစ်ပါသည်။ မြို့နယ်၏အနောက်မြောက်ပိုင်းစလင်း၊ ဆော၊ ဆိပ်ဖြူ (၃)မြို့နယ်အနီးရှိ ရေယိုတောင်သည် အမြင့်ဆုံးပေပေါင်း(၂၀၈၃)ပေမြင့်ပါသည်။ မြေနိမ့်ချိုင့်ဝှမ်းများမှာ စလင်းချောင်းစီးဆင်းသည့် ဝဲ/ယာတလျှောက် ကျယ်ဝန်းသောစလင်းချောင်းချိုင့်ဝှမ်းနှင့်မြို့နယ်၏အရှေ့ ဘက် ဧရာဝတီမြစ်စီးဆင်းသည့်နေရာတွင် ဧရာဝတီမြစ်ဝှမ်းလွင်ပြင်ရှိပါသည်။

### ရေဆင်း

၁၀။ ရေဆင်းအနေနှင့် ရောဝတီမြစ်သည် အထင်ရှားဆုံးမြစ်ဖြစ်ပြီး စလင်းမြို့နယ် ရေပေါ်ကျွန်းကျေးရွာမှ မှရိုးကုန်းရိုးကုန်းကျေးရွာအထိ(၂၃)မိုင် ဖြတ်သန်းစီးဆင်းလျှက်ရှိသည်။ မြို့နယ်အတွင်းရှိ စလင်းချောင်းမှာ လည်း ကြပ္ပာယ်ကျေးရွာအုပ်စု ရွှေတွင်းတူးကျေးရွာအနီးမှ စွန်းကျွန်းညိုကျေးရွာအုပ်စုအထိ (၃၂)မိုင် ရှည်လျားပြီး စလင်းချောင်း၏ထင်ရှားသောလက်တက်များမှာ မဲ့ချောင်း၊ သရူးချောင်း၊ ပေါင်းချောင်း တို့ဖြစ်ပါသည်။ စလင်းချောင်းသည် စွန်းကျွန်းညိုကျေးရွာအနီးတွင် ရောဝတီမြစ်အတွင်းသို့စီးဝင်ပါသည်။

ပင်လယ်ရေမျက်နှာပြင်အမြင့်

၁၁။ စလင်းမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက်(၂၁၆.၁၈၆)ပေအတွင်းတည်ရှိပါသည်။

၃

## ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်

### ရာသီဥတု

၁၂။ စလင်းမြို့နယ်သည် မိုးခေါင်ရေရှားရပ်ဝန်းအတွင်းကျရောက်သဖြင့် ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိပါသည်။ နှစ်စဉ်အပူချိန်မှာ(၇၀.၉၀)ဒီဂရီဖာရင်ဟိုက်ကျော်ရှိ၍ အပူဆုံးလဖြစ်သော ဧပြီလနှင့် မေလများတွင် အပူချိန်မှာ(၁၀၈.၈၀)ဒီဂရီဖာရင်ဟိုက်ကျော်လွန်တတ်ပါသည်။

သဘာဝပေါက်ပင်

၁၃။ စလင်းမြို့နယ်အတွင်းပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ထန်း၊ မန်းကျည်း၊ ဆီး၊ တမာ၊ သန်း၊ ဒဟပ်၊ ရှားပင်စသည့် သဘာဝပေါက်ပင်များပေါက်ရောက်ပါသည်။

တောရိုင်းတိရိစ္ဆာန်များ

၁၄။ စလင်းမြို့နယ်တွင် တွေ့ရှိရသော တောရိုင်းတိရိစ္ဆာန်များမှာ ယုန်၊ တောကြောင်၊ ဂျေ၊ သမင်၊ ဆတ်၊ တောဝက်၊ ဂျီ၊ မျောက်၊ သခွေ့ချပ်၊ ဖွပ်၊ ပဒတ်၊ မြွေပွေး၊ မြွေဟောက်၊ စပါးကြီးမြွေ၊ စပါးအုံးမြွေနှင့် မြွေအမျိုးမျိုး၊ တောငှက်မျိုးစုံလေ့လာတွေ့ရှိနိုင်ပါသည်။

သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ

၁၅။ စလင်းမြို့နယ်၏သဘာဝပတ်ဝန်းကျင် အနေအထားမှာ အနောက်ဘက်တွင် တောတောင်များရှိပြီး အရှေ့ဘက်တွင် ရောဝတီမြစ်၊ အလယ်ပိုင်းတွင်စလင်းချောင်းတို့စီးဆင်းလျက်ရှိပြီး ပတ်ဝန်းကျင်စိမ်းလန်းစို ပြေရေး အတွက်များစွာအထောက်အကူပြုလျက်ရှိပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ

၁၆။ စလင်းမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် အနေဖြင့် ဝက်သည်းကန် သဘာဝထိန်းသိမ်းရေးနယ်မြေအား ရွှေစက်တော်ဘေးမဲ့တောမှ ပတ်ဝန်းကျင်သားငှက်ဌာနခွဲနှင့် ပူးပေါင်း၍ တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်လျှက်ရှိပါသည်။

သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေ

၁၇။ စလင်းမြို့နယ်သည် မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသဖြစ်၍ မီးဘေးလေဘေး၊မိုးခေါင်ဘေး အန္တရာယ် ကျရောက်နိုင်သောဒေသဖြစ်ပါသည်။

လူဦးရေဆိုင်ရာအချက်အလက်များ

၁၈။ စလင်းမြို့နယ်တွင်နေထိုင်ကြသောလူဦးရေမှာ၂၅၅၈၉၀ဦးရှိပြီး မဲဆန္ဒရှင်ဦးရေ၁၉၉၂၀၃ဦးရှိပြီး မဲရုံစုစုပေါင်း၂၈၂ရုံရှိပါသည်။

## အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

**အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု**

၁၉။ စလင်းမြို့နယ်၏အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | မြို့နယ်ခွဲ | မြို့ | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|
| ၁ | ၁ | - | ၂ | ၁၁ | ၉၉ | ၄၀၄ |



**အုပ်ချုပ်ရေးမှူးရုံးများ**

၂၀။ စလင်းမြို့နယ်၏မြို့နယ်၊ မြို့နှင့်

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများမှာအောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ် | မြို့ | မြို့နယ်/မြို့ အုပ်ချုပ်ရေးမှူး အမည် | ရုံးတည်နေရာ | ရပ်ကွက်ရုံး ပေါင်း | ကျေးရွာ အုပ်စုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ၁ | ၁ | ဦးဟိန်းဆက် | မြင်တင်ရပ်ကွက် | ၈ | ၁၁၀ |
| ၂ | | ၁ | ဦးဝေဖြိုးထွန်း | - | ၃ | |
| | ၁ | ၂ | | | ၁၁ | ၁၁၀ |

**ဌာနဆိုင်ရာများ**

| စဉ် | ဌာနဆိုင်ရာအမည် | မှတ်ချက် |
|---|---|---|
| ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စလင်း) | |
| ၂ | မြို့အုပ်ချုပ်ရေးမှူးရုံး | |
| ၃ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | |
| ၄ | မြို့နယ်ကော်မရှင်ရုံးခွဲ | |
| ၅ | ရေအရင်းအမြစ် | |
| ၆ | မီးသတ်ဦးစီးဌာန | |

| | | |
|---|---|---|
| ၇ | စည်ပင်သာယာရေးအဖွဲ့ | |
| ၈ | သမဦးစီးဌာန | |
| ၉ | စိုက်ပျိုးရေးဦးစီးဌာန | |
| ၁၀ | ဆည်မြောင်း | |
| ၁၁ | လယ်ယာ/စာရင်းအင်း | |
| ၁၂ | စက်မှုလယ်ယာ | |
| ၁၃ | တိရစ္ဆာန်ဆေးကု | |
| ၁၄ | ဆက်သွယ်ရေး(စလင်း၀ | |
| ၁၅ | ဆက်သွယ်ရေး(ဆင်ဖြူကျွန်း) | |
| ၁၆ | သစ်တောဦးစီးဌာန | |
| ၁၇ | လျှပ်စစ်(စလင်း) | |
| ၁၈ | လျှပ်စစ်(ဆင်ဖြူကျွန်း) | |
| ၁၉ | လ.ဝ.က | |
| ၂၀ | စက်မှု(၁)ဝါကြိတ်စက် | |
| ၂၁ | စီမံကိန်း | |
| ၂၂ | အားကာ | |



| | | |
|---|---|---|
| ၂၃ | ပညာရေး | |
| ၂၄ | ကျန်းမာရေး | |
| ၂၅ | တရားရုံး | |
| ၂၆ | ဥပဒေ | |
| ၂၇ | စာရင်းရုံး | |
| ၂၈ | အခွန် | |
| ၂၉ | မြန်မာ့စီးပွားရေးဘဏ် | |
| ၃၀ | လမ်းဦးစီးဌာန | |
| ၃၁ | ပြန်/ဆက် | |
| ၃၂ | စိုက်ဘဏ် | |
| ၃၃ | စိမ်းစို | |
| ၃၄ | စက်မှုသီးနှံ | |
| ၃၅ | တိုင်းရင်းဆေး | |
| ၃၆ | မိုးဇလ | |
| ၃၇ | စာတိုက်(စလင်း) | |
| ၃၈ | စာတိုက်(ဆင်ဖြူကျွန်း) | |

| | | |
|---|---|---|
| ၃၉ | မိုက်ခရိုဝေ့(ဖ်) | |
| ၄၀ | ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန | |
| ၄၁ | ဇဟိုစာရင်းအင်းရုံးခွဲ | |
| ၄၂ | စားသုံးသူရေးရာဦးစီးဌာန | |

**နယ်မြေအခြေအနေ**

၂၁။ စလင်းမြို့နယ်သည်အဖြူရောင်နယ်မြေဖြစ်ပါသည်။

**ငြိမ်းချမ်းရေးအဖွဲ့အစည်းများ/အကြမ်းဖက်သောင်းကျန်းသူများအခြေအနေ**

၂၂။ စာလင်းမြို့နယ်တွင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊အကြမ်းဖက်သောင်းကျန်းသူများမရှိပါ။

**ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ**

၂၃။ စလင်းမြို့နယ်တွင်း ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | အမည် | မြို့မိမြို့ဖ/ဌာန | တာဝန် |
|---|---|---|---|
| ၁ | ဦးဘိုရဲ | မြို့မိမြို့ဖ | ဉက္ကဋ္ဌ |
| ၂ | ဦးသက်အောင် | ။ | အဖွဲ့ဝင် |
| ၃ | ဦးစောနောင်ထွေး | ။ | ။ |
| ၄ | ဦးတင်မောင်ထွန်း | ။ | ။ |
| ၅ | ဦးအောင်အောင်ဟိန်း | ။ | ။ |
| ၆ | ဦးလှဋ္ဌေး | ။ | ။ |
| ၇ | ဦးကျော်မြင့်ဦး | လ.ဝ.က | ။ |



| စဉ် | အမည် | မြို့မိမြို့ဖ/ဌာန | တာဝန် |
|---|---|---|---|
| ၈ | ဦးသိန်းနိုင် | စည်ပင် | အဖွဲ့ဝင် |
| ၉ | ဒေါ်အိသူဇာမျိုး | ဉ_ပဒေ | ။ |
| ၁၀ | ဦးမြင့်လင်း | စိုက်ပျိုးရေး | ။ |
| ၁၁ | ဦးတင့်ဆွေ | ကျန်းမာရေး | ။ |
| ၁၂ | ဦးသန်းမြင့် | ပြန်/ဆက် | ။ |
| ၁၄ | ဦးမြင့်သန်း | ပညာရေး | ။ |
| ၁၅ | ဒေါ်တင်တင်ဝင်း | စာရင်းစစ် | ။ |
| ၁၆ | ဦးလွှမ်းမိုးအောင် | ထွေ/အုပ် | ။ |
| ၁၇ | ဒေါ်ဉ_မ္မာမြင့် | ကော်မရှင် | အတွင်းရေးမှူး |

**၂၄။ ရွေးချယ်ခံထားရသောလွှတ်တော်ကိုယ်စားလှယ်များ**

| စဉ် | လွှတ်တော်ကိုယ်စားလှယ်အမည် | ပါတီ(တသီးပုဂ္ဂလအမည် | လွှတ်တော်အမည် |
|---|---|---|---|
| ၁ | ဦးကံဦး | NLD | ပြည်သူ့လွှတ်တော် |
| ၂ | ဦးဝင်းမောင် | NLD | အမျိုးသားလွှတ်တော် |
| ၃ | ဦးတာ | NLD | တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်မြေအမှတ်(၁) |
| ၄ | ဦးသက်ခိုင် | NLD | တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်မြေအမှတ်(၂) |

## စီးပွားရေးဆိုင်ရာအချက်အလက်

### စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်

၂၅။ စလင်းမြို့နယ်သည် မကွေးတိုင်းဒေသကြီးအတွင်းတည်ရှိပြီး စီးပွားရေးအချက်အခြာကျသော မြို့နယ်တစ်ခုဖြစ်ပါသည်။ မြို့နယ်အတွင်းရှိဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ စာလင်းမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြို့နယ် ဖြစ်ပါသည်။ မြို့နယ်၏အဓိကထွက်ကုန်မှာ ဆန်စပါးနှင့်ပဲမျိုးစုံဖြစ်ပြီး ရန်ကုန်မြို့နှင့်မန္တလေးမြို့များသို့ အများဆုံးတင်ပို့ရောင်းချပါသည်။



### ဆည်မြောင်းတာတမံများနှင့်ဆည်ရေသောက်ဧရိယာ

၂၆။ စာလင်းမြို့နယ်ရှိဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာမှာအောက်ပါအတိုင်းဖြစ်ပါ သည်-

**အစိုးရဆည်များ**

| စဉ် | ဆည်အမည် | အမျိုးအစား | ရေဝင်ဆံ့မှု(ကုဗပေ) | ဆည်ရေသော်ဧရိယာ |
|---|---|---|---|---|
| ၁ | စလင်းတမံ | မြေသားရေလှောင်တမံအမျိုးအစား | ၁၃၃၀၀၀ | ၃၁၄၇၇ |
| ၂ | တတ်တူတမံ | မြေသားရေလှောင်တမံအမျိုးအစား | ၁၄၂၀ | ၁၃၂ |

| | | | | |
|---|---|---|---|---|
| ၃ | မဲဇလီ | လက်တန်မြောင်း | - | ၁၀၆၀၈ |

**ကိုယ့်အားကိုယ်ကိုးဆည်များ**

| စဉ် | ဆည်အမည် | အမျိုးအစား | ရေဝင်ဆံ့မှု(ကုဗပေ) | ဆည်ရေသောက်ဧရိယာ |
|---|---|---|---|---|
| ၁ | လယ်မကန် | တစ်ဖတ်ပိတ်ဆည်ကန်ငယ် | - | ၇၂ |
| ၂ | ကိုင်းကြီးကန် | ॥ | - | ၁၂၄ |
| ၃ | ကံပြားကန် | ॥ | - | ၆၂ |
| ၄ | မိုးညှင်းအိုင်ကန် | ॥ | - | ၁၃၃ |
| ၅ | မောင်ကော့်ကန် | ॥ | - | ၃၀ |
| ၆ | တည်ဘိုကန် | ॥ | - | ၁၆၄ |
| ၇ | ငါးမျက်နှာကန် | ॥ | - | ၂၈၄ |

**မြစ်ရေတင်စီမံကိန်းများ**

| စဉ် | စီမံကိန်းအမည် | တည်နေရာ | အကျိုးပြုဧက | မှတ်ချက် |
|---|---|---|---|---|
| ၁ | တညောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်း | တညောင်ကျေးရွာ | ၁၅၂၅ | |

**တာတမံ/ရေထိန်းတံခါး**

| စဉ် | တာတမံ/ရေထိန်းတံခါး | | | ကာကွယ်သည့် မြစ်/ချောင်း | အကျိုးပြု ဧက |
|---|---|---|---|---|---|
| | အမည် | အမျိုးအစား | အရှည်ပေ | | |
| ၁ | လင်းဇင်း | ရေလွှဲဆည် | ၇၅၀ | စလင်းချောင်း | ၃၂၅၂၆ |

**စိုက်ပျိုးရေးလုပ်ငန်း**

၂၇။ စလင်းမြို့နယ်၏စိုက်ပျိုးရေးလုပ်ငန်း၏အဓိကသီးနှံ၁၀မျိုးကိုစိုက်ပျိုးထုတ်လုပ်လျှက်ရှိပါသည်။ ၎င်းတို့မှာ မိုးစပါး၊နွေစပါး၊ မိုးမြေပဲ၊ဆောင်းမြေပဲ၊မိုးနှမ်း၊ဆောင်းနှမ်း၊နွေနှမ်း၊ မိုးနေကြာ၊ ဆောင်းနေကြာ၊ ဆောင်းမတ်ပဲ၊ မိုးပဲတီစိမ်း၊ ဆောင်းပဲတီစိမ်း၊ မိုးပဲစဉ်းငုံ၊ဝါ၊ ကြံနှင့်မိုး/ဆောင်းအစေ့ထုတ်ပြောင်းတို့ စိုက်ပျိုးကြပါသည်။



**နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ**

၂၈။ စလင်းမြို့နယ်တွင်နှစ်ရှည်သီးနှံအဖြစ် သစ်ဆိမ့်၊ရာဘာ၊ ငှက်ပျောပင်ကောင်း၊ စားကြံ၊ ကော်ဖီ၊ လက်ဖက်၊ ကွမ်းသီး/ရွက်၊ အုန်း၊သရက်ပင်နှင့်ဓနိပင်တို့ကိုစိုက်ပျိုးကြပါသည်။

အခြားဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု

၂၉။ စလင်းမြို့နယ်တွင်အခြားဈေးကွက်ဝင်သီးနှံများအဖြစ် ကြက်သွန်နီ၊ အာလူး၊ ငရုတ်ခြောက်၊ ကုလားပဲ၊ ပဲကြီးနှင့်စားတော်ပဲတို့ကိုစိုက်ပျိုးကြပါသည်။

**စလင်းမြို့နယ်သို့ခရီးသွားဧည့်သည်များလာရောက်ကြည့်ရှုနိုင်သည့်နေရာများအခြေအနေ**

၃၀။ စလင်းမြို့နယ်အတွင်းသို့ခရီးသွားဧည့်သည်များလာရောက်လည်ပတ်ကြည့်ရှုနိုင်သည့်နေရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဗိုလ်ဥ တ္တမခံတပ်(ကိုးဆောင်ကျောင်း)

(၁) တည်နေရာ — ပေါင်းနားရပ်ကွက်၊စလင်းမြို့

(၂) ဆောက်လုပ်သည့်ခုနှ္စ် — ၁၁၂၉ခုနှစ် (၂၀၀၅ခုနှစ်တွင်ရှေးဟောင်းသုတေသနမှပြုပြင်မွမ်းမံသည်)

(ခ) ရွှေမုဋ္ဌောဘုရား(ဝက်သည်းကန်)

(၁) တည်နေရာ — ရှမ်းရွာကုန်းကျေးရွာ၊ဆင်ကျုံးအုပ်စု၊စလင်းမြို့နယ်

(၂) ဆောက်လုပ်သည့်ခုနှစ် — ကောဇာသက္ကရာဇ်(၅၅၆)ခုနှစ်

(ဂ) မြောက်လေးစင်ရုပ်စုံကျောင်း

(၁) တည်နေရာ — ရှမ်းရွာကုန်းကျေးရွာ၊ဆင်ကျုံးအုပ်စု၊စလင်းမြို့နယ်

(၂) ဆောက်လုပ်သည့်ခုနှစ် — ၁၈၆၈ခုနှစ်၊(၂၀၀၄ခုနှစ်တွင်ရှေးဟောင်းသုတေသနမှပြုပြင်မွမ်းမံသည်)

(ဃ) အင်္ဂလိပ်စစ်သင်္ချိုင်း(ကိုလိုနီစစ်သင်္ချိုင်း)

(၁) တည်နေရာ — စေတီလှသုဿန်၊မြင်တင်ရပ်ကွက်၊စလင်းမြို့

(၂) ဆောက်လုပ်သည့်ခုနှစ် — ၁၈၈၆ခုနှစ်

**နိဂုံး**

၃၁။ စလင်းမြို့နယ်၏ဒေသဆိုင်ရာအချက်အလက်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၇ခုနှစ် ဧပြီလတွင်ထုတ်ဝေသော ဒေသဆိုင်ရာအချက်အလက်များစာအုပ်မှကောက်နှုတ်တင်ပြအပ်ပါသည်။


မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်
စလင်းမြို့၏ အကွက်စုမြေပုံ



မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်
ဆင်ဖြူကျွန်းမြို့ အကွက်ချမြေပုံ
အမှတ်(၃)ရပ်ကွက်
အမှတ်(၂)ရပ်ကွက်
အမှတ်(၁)ရပ်ကွက်
ညွှန်းချက်
နယ်နိမိတ်
ကတ္တရာလမ်း
ထရန်စဖော်မာ
ရဲစခန်း
ဌာနများ
ဆေးရုံ
စာသင်ကျောင်း
မီးသတ်
အမှတ်(၁)ရပ်ကွက်
အမှတ်(၂)ရပ်ကွက်
အမှတ်(၃)ရပ်ကွက်

SHOT ON OPPO